ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် ၂ / ၂၀၁၂
၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၁၂ ခုနှစ်၊ မေလ ၆ ရက်)

## မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မျိုးစေ့ ဥပဒေ ပုဒ်မ၄၊ ပုဒ်မခွဲ(ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ "မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ" အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) အမြဲတမ်းအတွင်းဝန်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) ညွှန်ကြားရေးမှူးချုပ်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှုလယ်ယာဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ပါမောက္ခချုပ် အဖွဲ့ဝင်
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှု၊ နည်းပညာမြင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ထ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
မျိုးစေ့ဌာနခွဲ၊စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မျိုးသန့်မျိုးစေ့ကိုအသုံးပြု၍ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျိုးစေ့ဆိုင်ရာမူဝါဒကို ချမှတ်ခြင်း၊

(ခ) စီးပွားရေးအလို့ငှာဖြန့်ဖြူးခြင်းဟုမှတ်ယူနိုင်ရန် သတ်မှတ်ကာလအတွင်း ဖြန့်ဖြူးသည့်မျိုးစေ့ အလေးချိန်နှင့်ပမာဏကို သတ်မှတ်ခြင်း၊

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိကများ၏ မျိုးစေ့သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံအချင်းချင်း သဘောတူညီချက်အရ သုတေသနပြုလုပ်နိုင်ရန် လိုအပ်သော မျိုးစေ့များ ကို ပေးပို့ခြင်းနှင့် လက်ခံခြင်း၊

(င) သင့်လျော်သော ကျွမ်းကျင်သူများပါဝင်သည့် မျိုးစေ့အရည်အသွေး စစ်ဆေးရေးအဖွဲ့များကိုလိုအပ်သလိုဖွဲ့စည်းရန် ဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ လုပ်ငန်း များအား တာဝန်ပေးအပ်ခြင်း၊

(စ) မျိုးစေ့လုပ်ငန်းနှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှအဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) မျိုးစေ့ထုပ်ပိုးထားသော သို့မဟုတ် ထည့်သွင်းထားသောပစ္စည်းပေါ်တွင် ဖော်ပြရမည့်အချက်များ ကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊

(ဇ) ဝန်ကြီးဌာနကအခါအားလျော်စွာ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဈ) မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ည) မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်း၊

(ဋ) မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီကိုအထောက်အကူပြုနိုင်ရန် လိုအပ်သော ကော်မတီခွဲ များကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း။

၃။ အထက်ဖော်ပြပါ ပြင်ဆင်ဖွဲ့စည်းလိုက်သည့် "**မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ**" အနေဖြင့် မျိုးစေ့ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၄။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ (၁၃.၆.၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (ပ) (၁)(၁၈၁၄/၂၀၁၇)(လဆ)အား ဤစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စာအမှတ်၊ ၂/၀၁/၁၀၀၀(က)( ၁၀၇ / ၂၀၂၁)
ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ မေလ ၆ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ(အားလုံး)
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
သက်ဆိုင်ရာပုဂ္ဂိုလ်များ
ညွှန်ကြားရေးမှူးချုပ် ] မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်ထည့်သွင်း
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ] ကြော်ငြာပေးပါရန်။
ဤဝန်ကြီးဌာနရှိဦးစီးဌာနအားလုံး

အမိန့်အရ

(ကျော်မင်းဦး)
အမြဲတမ်းအတွင်းဝန်